**သင်၏ဆေး - Simvastatin (ကိုလက်စထရောကျဆေး) _______ mg**

**<u>ဘာကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုရရှိပါသနည်း?</u>** သင့်တွင် ကိုလက်စထရောဓါတ်များသည်။ ကုသမှု မရှိလျှင် ကိုလက်စထရောဓါတ်များခြင်းသည် အန္တရာယ်ရှိသည်။ ၎င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကုသမှုမရှိသည့် ကိုလက်စထရောဓါတ်များခြင်း ခြင်းကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။

**<u>ဤဆေးသောက်ရန်အညွှန်း -</u> ဆေး ၁ လုံးကို အိပ်ယာမဝင်မီအချိန် နေ့တိုင်းသောက်ပါ။** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

**<u>ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?</u>** ဤဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာ တစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုးကျိုးများအချို့မှာ Simvastatin (ကိုလက်စထရောကျဆေး) သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ ခေါင်းကိုက်ခြင်း၊ မအီမသာပျို့အန်ချင်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းချုပ်ခြင်း၊ သို့မဟုတ် နှာခေါင်းပိတ်ခြင်း သို့မဟုတ် လည်ချောင်းနာခြင်း စသော အအေးမိသည့်ရောဂါလက္ခဏာများတို့ ပါဝင်နိုင်ပါသည်။

အကြောင်းပြချက်မရှိသည့် ကြွက်သားဝေဒနာ သို့မဟုတ် နာကျင်ခြင်း၊ သို့မဟုတ် အဖျားတက်ခြင်းကြောင့် အားနည်းခြင်း၊ အလွန်မောပန်း၍ ဆီးအရောင်ရင့်ခြင်းရှိပါက၊ ဆရာဝန်နှင့်ချက်ချင်းတွေ့ရန် ရက်ချိန်းဆိုမှုပြုလုပ်ပါ။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှုရန် ခက်ခဲခြင်း သို့မဟုတ် မောဟိုက်ခြင်းတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးပေါ် ခန်းသို့ချက်ချင်းသွားပါ။**

**<u>နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?</u>**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. ရေအလုံအလောက်သောက်သုံးပါ။
4. အရက်မသောက်ပါနှင့်။

5. ဂရိပ်ဖရု(ရှောက်ခါးသီးကြီး)ကို မစားပါနှင့်။ ဂရိပ်ဖရု(ရှောက်ခါးသီးကြီး) သစ်သီးရည်ကို မသောက်ပါနှင့် သို့မဟုတ် ဂရိပ်ဖရု(ရှောက်ခါးသီးကြီး)ဖြင့် ပြုလုပ်သည့် မည့်သည့်အရာကိုမျှ မသုံးပါနှင့်။
6. သင့်တွင် အသည်းရောဂါရှိပါက ဤဆေးကို မသုံးပါနှင့်။
7. **သင်ကိုယ်ဝန်ရှိလာလျှင်၊** ဤဆေးသောက်သုံးခြင်းကို ချက်ချင်းရပ်တန့်ပါ။ ကျွန်ုပ်တို့မှ သင်သောက်ရန် အခြားဆေးကို ရှာနိုင်ရန်အတွက် Grace Village Medical Clinic ထံသို့ ဆရာဝန်နှင့်တွေ့ရန်ပြန်လာပါ။
8. မိခင်အသစ်များသည် **ဤဆေးကိုသောက်သုံးနေစဉ်အချိန်အတွင်းတွင် ကလေးအား နို့တိုက်ကျွေး၍ မရပါ။**
9. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်ကိုလက်စထရောဓါတ်များ၍ Simvastatin (ကိုလက်စထရောကျဆေး) သောက်နေကြောင်း ပြောပြပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မှီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"